C/O Union Aid Abroad-APHEDA
Level 1, 365-375 Sussex St, Sydney, NSW 2000
contact@myanmarcampaignnetwork.org
+61 2 8203 6044 or +61 2 9264 9343

MYANMAR CAMPAIGN NETWORK

**သတင်းထုတ်ပြန်ချက်**
**၂၀၂၄ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့**

# အကြမ်းဖက်စစ်တပ်အပေါ် ပစ်မှတ်ထားသည့်  ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုအသစ်များသည် မှန်ကန်သောလမ်းကြောင်းဖြစ်ပြီး၊ ခိုင်မာသော စီမံဆောင်ရွက်မှုများ လိုအပ်သည်။

ဘဏ်နှစ်ခုနှင့် လေယာဉ်ဆီရောင်းချသော လုပ်ငန်း ၃ ခု အပေါ် ပစ်မှတ်ထားသော ဒဏ်ခတ်အရေးယူမှုအသစ်များ ချမှတ်သည့် ဩစတြေးလျအစိုးရ၏ ယနေ့ကြေညာချက်ကို Myanmar Campaign Network (MCN) မှ ကြိုဆိုလိုက်ပြီး၊ အကြမ်းဖက်စစ်တပ်၏ အကြမ်းဖက်မှုနှင့် ဖိနှိပ်မှုများအတွက် စစ်အာဏာရှင်၏ စွမ်းဆောင်ရည်ကို ကန့်သတ်ရန် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်သည်။

ဩစတြေးလျသည် အမေရိကန်၊ ယူကေ၊ အီးယူနှင့် ကနေဒါတို့၏ ဦးဆောင်မှုကို လိုက်နာနိုင်ပြီး စစ်အာဏာရှင်တို့၏ စီးပွားရေးအခြေခံအုတ်မြစ်များနှင့် လက်နက်များဝင်ရောက်ခွင့်ကို ကန့်သတ်ရန် ခိုင်မာသော အစီအမံများ ချမှတ်နိုင်သည်၊ ဥပမာ- သဘာဝသယံဇာတကဏ္ဍနှင့်ဆက်စပ်နေသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ပိတ်ဆို့အရေးယူခြင်းကဲ့သို့သော ပြင်းထန်သောအစီအမံများ ချမှတ်နိုင်သည်။ စစ်အာဏာရှင်မှ နိုင်ငံတကာ ပိတ်ဆို့အရေးယူမှုများကို ကျော်လွှားရန် လမ်းကြောင်းသစ်များကို ရှာဖွေနေသည်ကို  MCN မှ ထပ်လောင်း သတိပေးပါသည်။

အရပ်သားများအပေါ် အကြမ်းဖက်စစ်တပ်၏ အကြမ်းဖက်လုပ်ရပ်များ၏ အကျိုးသက်ရောက်မှုသည် ကြီးမားပြီး လူပေါင်း ၂.၆ သန်းမှာ ပြည်တွင်းနေရပ်စွန့်ခွာပြောင်းရွှေ့နေရပြီး လူပေါင်း ၂၀၀၀၀ နီးပါး ထိန်းသိမ်းခံနေရသည်။ နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်းမှ လူပေါင်း ၄,၄၇၄ ဦး သေဆုံးမှုကို စိစစ်နိုင်ခဲ့သော်လည်း အမှန်တကယ် သေဆုံးသူ အရေအတွက်မှာ အဆများစွာ ပိုများနိုင်သည်ဟု ဆိုသည်။

စစ်အာဏာရှင်မှ မြန်မာနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) နှင့် မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB) တို့အပေါ် အမေရိကန်၏ ပိတ်ဆို့အရေးယူမှုများကို ရှောင်ရှားရန် ဘဏ္ဍာရေးလမ်းကြောင်းသစ်များကို ရှာဖွေနေကြောင်း သိရသည်။ သို့သော်လည်း မြန်မာနိုင်ငံ၏ အကျိုးအမြတ်များသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံတကာကုန်သွယ်မှုကို လွယ်ကူချောမွေ့စေမည့် အဆိုပါဘဏ်နှစ်ခုအပေါ် ဩစတြေးလျမှ ပိတ်ဆို့အရေးယူမှုသည် သိသာထင်ရှားသော လုပ်ဆောင်ချက်ဖြစ်ကြောင်း MCN မှ မှတ်ချက်ပြုသည်။

Amnesty International မှ လေကြောင်းလောင်စာဆီအပေါ် အမေရိကန်၊ ယူကေနှင့် အီးယူတို့၏ ဒဏ်ခတ်ပိတ်ဆို့မှုများကို ရှောင်လွှဲရန် အကြမ်းဖက်စစ်တပ်က နည်းဗျူဟာအသစ်ကို အသုံးပြုနေကြောင်း ပြသသည့် အချက်အလက်အသစ်ကို ထုတ်ဖော်ခဲ့သည်။ ၂၀၂၃ ခုနှစ် သည် ၂၀၂၂ ခုနှစ်ထက် လေကြောင်းတိုက်ခိုက်မှုများ 300% တိုးလာခဲ့ပြီး ယခုအခါတွင် အကြမ်းဖက်စစ်တပ်သည် ဒီမိုကရေစီ လိုလားသူများနှင့် စစ်အာဏာရှင်ဆန့်ကျင်ရေး အင်အားစုများအား မြေပြင်တွင် ဗျူဟာမြောက် ရပ်တည်ချက်များ ဆုံးရှုံးနေသဖြင့် လေကြောင်းတိုက်ခိုက် အသုံးပြုမှုကို မှီခိုနေရပါသည်။

Justice For Myanmar မှ မကြာသေးမီက ထုတ်ပြန်သော "လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သော သတ္တုတွင်းများ" အစီရင်ခံစာတွင် ဩစတြေးလျ ကုမ္ပဏီ ၁၀ ခုသည် မြန်မာ့သတ္တုတွင်းကဏ္ဍတွင် ၎င်းတို့၏ လုပ်ဆောင်မှုများနှင့်အတူ အကြမ်းဖက်စစ်တပ်အား ဆက်လက်ပံ့ပိုးကူညီရာတွင် အရေးပါသော အခန်းကဏ္ဍကို မီးမောင်းထိုးပြထားပြီး ဩစတြေးလျသည် သစ်နှင့်သစ်ထွက်ပစ္စည်းများ၊ ပုလဲနှင့် ကျောက်မျက်များ၊ လက်နက်ခဲယမ်းမီးကျောက်များကဲ့သို့သော အကြမ်းဖက်စစ်တပ်နှင့် တိုက်ရိုက်ဆက်စပ်နေသည့် အန္တရာယ်များသော စီးပွားရေးကဏ္ဍများတွင်ရှိသော ထုတ်ကုန်များကို တင်သွင်းနေဆဲဖြစ်သည်။

Transparency International Australia ၏ CEO ဖြစ်သူ Clancy Moore က "အာဏာသိမ်းပြီး သုံးနှစ်အကြာမှာတော့ ဒါဟာ ဩစတြေးလျအစိုးရရဲ့ ခိုင်မာတဲ့ သတင်းစကားပါ။ သို့သော်လည်း ဩစတြေးလျနိုင်ငံ၏ နိုင်ငံပိုင် အမှတ် ၁ သတ္တုတွင်းလုပ်ငန်း ((ME1) နှင့် အမှတ် ၂ သတ္တုတွင်းလုပ်ငန်း (ME2)  တို့ကို ပိတ်ဆို့အရေးယူမှု ကင်းမဲ့နေခြင်းက  ဩစတြေးလျနှင့် ဆက်စပ်သတ္တုတွင်းလုပ်ငန်းကဏ္ဍမှ စစ်အာဏာရှင်အတွက်

C/O Union Aid Abroad-APHEDA
Level 1, 365-375 Sussex St, Sydney, NSW 2000
contact@myanmarcampaignnetwork.org
+61 2 8203 6044 or +61 2 9264 9343

MYANMAR CAMPAIGN NETWORK

ဝင်ငွေစုဆောင်းရှာဖွေပေးနေတာကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်စေရန်အတွက် တံခါးဖွင့်ထားခြင်းဖြစ်ပြီး အဂတိလိုက်စားပြီး လူသတ်တဲ့ အကြမ်းဖက်စစ်တပ်နဲ့ စီးပွားရေးလုပ်နေသလိုပါပဲ။"

"အကြမ်းဖက်စစ်တပ်မှ ထိန်းချုပ်ထားသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေနဲ့ လေယာဉ်ဆီ ထောက်ပံ့ပေးနေတဲ့ အဖွဲ့အစည်းတွေကို ပံ့ပိုးပေးမယ့် ဘဏ်တွေကို ပစ်မှတ်ထားတာဟာ အရေးကြီးတဲ့ ခြေလှမ်းတစ်ခု ဖြစ်ပါတယ်။ သို့သော် စစ်အာဏာရှင်မှ နိုင်ငံတကာ ပိတ်ဆို့အရေးယူမှုများကို ကျော်လွှားရန် လမ်းကြောင်းသစ်များကို ရှာဖွေနေသောကြောင့် ဩစတြေးလျမှ သတိထားနေရမှာဖြစ်တယ်။ စစ်အာဏာရှင်၏ ချုပ်ကိုင်မှုကို အမှန်တကယ် အားနည်းစေပြီး အကြမ်းဖက်မှု သံသရာကို ရပ်တန့်ရန်၊ မြန်မာ့ သဘာဝ သယံဇာတ ကဏ္ဍများနှင့် လေကြောင်း လောင်စာဆီ ထောက်ပံ့မှု ကွင်းဆက်အတွင်းရှိ လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် ကုမ္ပဏီ ကွန်ရက် တစ်ခုလုံးအပေါ် ပိတ်ဆို့ အရေးယူမှုများ ချမှတ်ရမည်။" ဖြစ်တယ်လို့ Tasneem Roc, Campaign Manager, Myanmar Campaign Network မှပြောကြားထားပါတယ်။

Media Contact:
Tasneem Roc
Myanmar Campaign Network
troc@apheda.org.au
+61 2 8203 6044